## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ပြည်ထောင်စုဝန်ကြီးရုံး

**အမိန့်အမှတ်၊ ၆၇ / ၂၀၂၀**

**၁၃၈၂ ခုနှစ် ၊ နယုန်လဆန်း ၁၂ ရက်**

**( ၂၀၂၀ ပြည့်နှစ် ၊ ဇွန်လ ၂ ရက် )**

### ကျွဲ၊ နွားများကို အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ခြင်းနှင့် ကျွဲ၊နွားများကို ပြည်တွင်း၌ သယ်ဆောင်ခြင်းဆိုင်ရာ အမိန့်ကိုပြင်ဆင်ခြင်း

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် အရေးကြီးကုန်စည် နှင့် ဝန်ဆောင်မှု ဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ ( ခ ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့က လုပ်ပိုင်ခွင့်အပ်နှင်းထားသော ပြည်ထောင်စုအစိုးရအဖွဲ့၏(၂၂-၅-၂၀၁၉)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၄/၂၀၁၉ တို့အရ ကျွဲ၊နွားများကို အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ခြင်းနှင့် ကျွဲ၊နွားများကို ပြည်တွင်း၌ သယ်ဆောင်ခြင်းဆိုင်ရာ အမိန့်ကို အမိန့်အမှတ်၊ ၃၀/၂၀၂၀ ဖြင့် ၁၁-၃-၂၀၂၀ နေ့က ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၂။ တောင်သူလယ်သမားအကျိုးစီးပွားမြှင့်တင်ရေးအလို့ငှာအမိန့်အမှတ်၊၃၀/၂၀၂၀ ၏ အပိုဒ် ၂ အောက်တွင် အောက်ပါခြွင်းချက်များကို ဖြည့်စွက်လိုက်သည်-

"ခြွင်းချက်။ (၁) တောင်သူလယ်သမားတစ်ဦးက နှစ်ကောင်ထက်မပိုသော ခိုင်းကျွဲ၊ခိုင်းနွားများကို မြို့နယ်၊ခရိုင်၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခြားသော်လည်း ကျေးရွာအုပ်စုနယ်နိမိတ်ချင်း ထိစပ်နေသည့် ကျေးရွာတစ်ခုမှအခြားကျေးရွာတစ်ခုသို့ မွေးမြူရန် သို့မဟုတ် လယ်ယာလုပ်ငန်းတွင် အမှန်တကယ် အသုံးပြုရန် သယ်ဆောင်ခြင်း ဖြစ်ပါက သက်ဆိုင်ရာရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကထုတ်ပေးသောမွေးမြူရန် သို့မဟုတ် လယ်ယာလုပ်ငန်းတွင်အမှန်တကယ်အသုံးပြုရန်ဖြစ်ကြောင်း ထောက်ခံချက်မူရင်း၊ သက်ဆိုင်ရာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးက ထုတ်ပေးသော တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်လက်မှတ်(AHD/PC-3) မူရင်းတို့နှင့်အတူ သယ်ဆောင်ရမည်။

(၂) နို့စားကျွဲ၊နို့စားနွား သို့မဟုတ် အသားစားကျွဲ၊အသားစားနွားများကိုမြို့နယ်တစ်ခုမှ အခြားမြို့နယ် တစ်ခုသို့ လည်းကောင်း၊ ခရိုင်တစ်ခုမှ အခြားခရိုင်

တစ်ခုသို့လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုမှ အခြား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုမှ ပြည်ထောင်စုနယ်မြေသို့လည်းကောင်းမွေးမြူရန်သယ်ဆောင်ခြင်းဖြစ်ပါက သက်ဆိုင်ရာမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးက ထုတ်ပေးသော တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက် လက်မှတ်(AHD/PC-3) မူရင်း၊ နို့စားကျွဲ၊နို့စားနွား သို့မဟုတ် အသားစား ကျွဲ၊အသားစားနွားဖြစ်ကြောင်း ထောက်ခံချက် မူရင်းတို့နှင့်အတူ သယ်ဆောင်ရမည်။

ဒေါက်တာအောင်သူ
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၁ / ၃၀၀၀ / မွေးရေကျေး (၁၇၀၇ / ၂၀၂၀)
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
အမြဲတမ်းအတွင်းဝန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဤပြည်ထောင်စုဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများ
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန(မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်း
ဖော်ပြပေးပါရန်မေတ္တာရပ်ခံချက်
ဖြင့်ပေးပို့အပ်ပါသည် )
ဤပြည်ထောင်စုဝန်ကြီးရုံးရှိ ဌာနခွဲများအားလုံး

အမိန့်အရ

လှထွန်း
ဒုတိယအမြဲတမ်းအတွင်းဝန်